# CHECK YOUR COVERAGE

INDIANA

## ကျန်းမာရေးစောင့်ရှောက်မှု အာမခံကို ထိန်းသိမ်းရန် ယခုလုပ်ဆောင်လိုက်ပါ။

ဖက်ဒရယ် ပြည်သူ့ ကျန်းမာရေး အရေးပေါ်ကာလအတွင်း မည်သူမျှ ၎င်းတို့ ၏ Medicaid အာမခံကို ဆုံးရှုံးခဲ့ခြင်း မရှိပါ။ Medicaid အာမခံ ကာကွယ်ပေးမှု များသည် ဖက်ဒရယ်ပြည်သူ့ ကျန်းမာရေး အရေးပေါ်အခြေအနေတွင် မပါဝင်တော့သောကြောင့် ပြန်လည်စိစစ်သည့် လုပ်ဆောင်ချက်များကို 2023 ခုနှစ် ဧပြီလတွင် စတင်မည်ဖြစ်သည်။ အင်ဒီယားနားပြည်နယ်တွင် နေထိုင်သူ အများအပြားသည် ၎င်းတို့ ၏အကျိုးခံစားခွင့်များကို ဆုံးရှုံးသွားနိုင်ပြီး ယခုအချိန်သည် သင်အာမခံ အကာအကွယ် ဆက်လက်ရရှိနေစေရန် လုပ်ဆောင်ရမည့်အချိန်ဖြစ်သည်။

သင့်လိပ်စာ မှန်ကန်ပါသလား။ သင့်ဝင်ငွေ မည်မျှရှိသနည်း။ သင့်တော်သော ကျန်းမာရေး အာမခံကို သင်ရရှိနိုင်အောင် ကူညီရန်အလို့ ငှာ အင်ဒီယားနား မိသားစုနှင့် လူမှု ဝန်ဆောင်မှု များ စီမံခန့်ခွဲရေးဌာန (Indiana Family and Social Services Administration) အတွက် ယခုလက်ရှိနှင့် ကိုက်ညီသော အချက်အလက်များ ရှိထားကြောင်း သေချာစေရန် Medicaid အဖွဲ့ဝင်အားလုံးအနေဖြင့် ဤအဆင့်များကို လုပ်ဆောင်ရန် လိုအပ်ပါသည်။

- **FSSABenefits.IN.gov** သို့သွားပါ
- အပြာရောင်ခြယ်ထားသော "Manage Your Benefits" (သင့်အကျိုးခံစားခွင့်များကို စီမံရန်) ကဏ္ဍအထိ အောက်သို့ဆွဲရွှေ့ပါ
- "Sign in to my account" (ကျွန်ုပ်၏အကောင့်သို့ ဝင်ရောက်ရန်) သို့ မဟုတ် "Create account" (အကောင့်ဖွင့်ရန်) တစ်ခုခုကို နှိပ်ပါ

*သင့်မေးလ်ကို စစ်ဆေးကြည့်ရှုပါ။* သင့်ထံမှတောင်းဆိုထားသည့် အချက်အလက်တိုင်းကို တုံ့ပြန်ပေးအပ်ကြောင်း သေချာပါစေ။
သင့်လိပ်စာကို ပြင်ဆင်ရာတွင် အကူအညီ လိုအပ်ပါသလား။ 800-403-0864 သို့ ဖုန်းခေါ်ပါ။

HIP HEALTHY INDIANA PLAN

Hoosier Healthwise

Hoosier CARE CONNECT

6006 Coverage 11x17 Poster_2023_v2_ENG.indd 1 2023/2/15 10:00:37